اللهُمَّ بِكَ أَصْبَحْنَا، وَبِكَ أَمْسَيْنَا، وَبِكَ نَحْيَا، وَبِكَ نَمُوتُ، وَإِلَيْكَ النُّشُورُ

[حسن] [رواه أبو داود والترمذي والنسائي في الكبرى وابن ماجه]

သေဆုံးကွယ်လွန်ပါသည်။ (وَإِلَيْـــــكَ النُّشُـــــورُ) (ထို့ပြင်အရှင်မြတ်ထံသို့သာလျှင် ပြန်လည်ရှင်ထရမည်)။ ဤဒုအာတွင် "အန်နုရှူရ်   " ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ သေပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်းနှင့် စုရုံးပြီးနောက် ခွဲခွာရခြင်းကို ဆိုလိုသည်။

ကျွန်ုပ်တို့၏အခြေအနေသည် အချိန်တိုင်း၊ အခြေအနေတိုင်း တွင် ဤနည်းလမ်းအတိုင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်သည် ယင်းအခြေအနေမှ ခွဲခွာ၍မရသလို၊ စွန့်လွှတ်၍လည်း မရပါ။

အလားတူပင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်   ) သည် ညနေခင်းရောက်ရှိလာသောအခါ (အဆွံရ်အချိန်ပြီးနောက်   ) ဤသို့ ရွတ်ဆိုတော်မူသည် - (اللّهُمَّ بِكَ أَمْسَيْنَا، وبكَ أصبحنا، وَبِكَ نَحْيَا، وَبِكَ نَمُـــوتُ، وَإِلَيْـــكَ المَصِـــيْرُ) ဆိုလိုသည် မှာ   - " လောကဘဝ၌ ပြန်လည်ရောက်ရှိရာဌာနလည်းဖြစ်ပြီး၊ နောင်တမလွန်၌ ပြန်လည်စုရုံးရာဌာနလည်းဖြစ်သည်။ စင်စစ် အရှင်မြတ်သည်ပင်လျှင် ကျွန်တော်မျိုးအား အသက်ရှင်စေတော်မူပြီး အရှင်မြတ်သည်ပင်လျှင် ကျွန်တော်မျိုးအား သေဆုံးစေတော်မူပါသည်ဟူ၍" ဖြစ်သည်။

https://sunnah.global/hadeeth/my/show/5490

النجاة الخيرية
ALNAJAT CHARITY

لجنة الدعوة الإلكترونية
EDC E-Da'wah Committee